ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၄၀ /၂၀၁၇

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန် ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ) အရ လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးအပ်ခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ကောက်ခံခြင်း၊ စာချုပ်စာတမ်းများမှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် စာချုပ်စာတမ်းအပေါ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းတို့ဆောင်ရွက်ရာတွင် မြေနှင့်အဆောက်အအုံ တို့၏ ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးနိုင်ရေးတို့အတွက် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) အခွန်ဦးစီးဌာနမှူး - ဥက္ကဋ္ဌ
ပြည်တွင်းအခွန်များဦးစီးဌာန

(ခ) ပုဂ္ဂိုလ်တစ်ဦး - အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ပုဂ္ဂိုလ်တစ်ဦး - အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဃ) ပုဂ္ဂိုလ်တစ်ဦး - အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(င) ပုဂ္ဂိုလ်တစ်ဦး - အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(စ) ပုဂ္ဂိုလ်တစ်ဦး - အတွင်းရေးမှူး
စည်ပင်သာယာရေးကော်မတီ/ စည်ပင်သာယာရေးဦးစီးဌာန

၂။ ဤအမိန့်ကြော်ငြာစာပါ အောက်ဖော်ပြပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်ဖြစ်ပြီး ကျန်စကားရပ်များသည် ဝင်ငွေခွန်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) မြေ ဆိုသည်မှာ လယ်ယာမြေမှအပဖြစ်သည့် မြေအမျိုးအစားကိုဆိုသည်။

(ခ) စံနှုန်းဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက်၊ ရပ်ကွက် အလိုက်၊ လမ်းအလိုက်၊ တန်ဖိုးသတ်မှတ်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့က အတည်ပြုသတ်မှတ်ပေးသည့် တန်ဖိုးသတ်မှတ်ချက်ကိုဆိုသည်။

၃။ အပိုဒ် ၁ အရ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့များ ဖွဲ့စည်းရာတွင်-

(က) ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နမိတ်အတွင်း မြို့နယ်များရှိ လယ်ယာမြေမှတစ်ပါး မြေနှင့်အဆောက်အအုံတန်ဖိုးများအတွက် ကာလတန်ဖိုး စိစစ်သတ်မှတ်ရန်ဖြစ်ပါက ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးအား လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာဌာန တိုင်းဒေသကြီးအဆင့်ဌာနက တာဝန်ပေးအပ်သည့် တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ် များအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းရမည်။

(ခ) ယင်းမြို့နယ်များမှတစ်ပါး အခြားမြို့နယ်များအတွက် ကာလတန်ဖိုးစိစစ် သတ်မှတ် ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် မြို့နယ်အခွန်ဦးစီးဌာနမှူးအား လည်းကောင်း၊ အတွင်းရေးမှူး နှင့်အဖွဲ့ဝင်များအဖြစ် သက်ဆိုင်ရာမြို့နယ်အဆင့်ဌာနက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့်ပုဂ္ဂိုလ်များအားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းရမည်။

၄။ ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့များသည် လယ်ယာမြေမှတစ်ပါး အခြားမြေနှင့် အဆောက်အအုံများ ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) သက်ဆိုင်ရာဒေသအတွင်းရှိ လယ်ယာမြေမှတစ်ပါး အခြားမြေနှင့် အဆောက်အအုံ များအတွက် ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုသတ်မှတ် ပေးသည့် တန်ဖိုးသတ်မှတ် ချက်စံနှုန်းများနှင့်အညီ အဖွဲ့ဝင်များအားလုံးက အတည်ပြုဆုံးဖြတ် သတ်မှတ် ပေးမည်။

(ခ) ပွင့်လင်းမြင်သာမှုရှိစွာ၊ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရမည်။

(ဂ) ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အများပြည်သူ ရှင်းလင်းစွာလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဃ) ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးသည့် ပြည်သူ့ဝန်ဆောင်မှုကို ဖြစ်နိုင်သမျှလျင်မြန်စွာ ဆောင်ရွက်ပေးရမည်။

၅။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ရုံးအတွက် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အသုံးစရိတ်မှကျခံရမည်။

၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၈-၆-၂၀၀၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၀၃/၂၀၀၇ နှင့် ၁၅-၂-၂၀၀၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၀၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁ (၂၅၇၆/၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဧပြီ လ ၃/၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေငြာပေးပါရန်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)